မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,
Email: blcsan@ksc.th.com, Website: www.blc-burma.org

## နအဖ စစ်အစိုးရ၏ ရွေးကောက်ပွဲကော်မရှင် ကြေညာချက် အမှတ် (၉၇/၂၀၁၀) သည် ပါတီစုံ စနစ်ကို ဖျက်သိမ်းခြင်းဖြစ်ကြောင်း ဥပဒေရေးရာ ဝေဖန်သုံးသပ်ချက်။

၁။ နအဖ ရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက် အမှတ် (၉၇/ ၂၀၁၀) ကိုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကြေညာချက် အပိုဒ် (၃) အရ သတ်မှတ်ရက်အတွင်း နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုကြောင်း လျှောက်ထားခြင်းမရှိ၍ ဥပဒေအရ အလိုအလျှောက်ပျက်ပြယ်ပြီး နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့် မရှိသော အဖွဲ့အစည်းများဖြစ်သဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများကိုလည်း ဖျက်သိမ်းလိုက်သည် –

၎င်းတို့ ဖျက်သိမ်းခြင်းခံရသောပါတီများမှာ

(က) ပြည်ထောင်စု ပအိုဝ်း အမျိုးသား အဖွဲ့ချုပ်
(ခ) ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်
(ဂ) ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီ
(ဃ) ဝ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ
(င) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်
–ဟူ၍ ဖော်ပြထားသည်။

သို့ဖြစ်ရာအဓိက အတိုက်အခံနိုင်ငံရေးပါတီ ဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ဖျက်သိမ်းပစ်လိုက်ခြင်းဖြစ်သည်။ ရွေးေကာက်ပွဲကော်မရှင် ဥက္ကဌအနေဖြင့် နိုင်ငံရေးပါတီတရပ်ရပ်အား ဤကဲ့သို့ ဖျက်သိမ်းရန် လုပ်ပိုင်ခွင့် အာဏာမရှိပါ။

၂။ ထို့ပြင်ကြေညာချက် အပိုဒ် (၆) တွင်လည်း မှတ်ပုံတင်ခွင့်ပေးခဲ့ပြီးဖြစ်သည့် နိုင်ငံရေးပါတီ (၅) ပါတီသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ်များအနက် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုနိုင်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်၍ ပါတီများကိုလည်း ဖျက်သိမ်းလိုက်သည်ဟု ကြေညာခဲ့ပါသည်။ ၎င်းတို့မှာ –

(က) ပြည်ထောင်စု ကရင် အမျိုးသားများအဖွဲ့ချုပ်
(ခ) မြန်မာ့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ
(ဂ) မြန်မာ ဒီမိုကရေစီ ကွန်ဂရက်ပါတီ၊
Myanmar Democracy Congress
(ဃ) မြို တိုင်းရင်းသားပါတီ၊
(င) ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပါတီ
–ဟူ၍ ဖော်ပြထားသည်။

ပါတီတိုင်းသည် ရွေးကောက်ပွဲဝင်မှ မဟုတ်ပါ၊ ရွေးကောက်ပွဲမဝင်လျှင်လည်း ပါတီတရပ်ကို ထူထောင်ခွင့်နှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်ရှိရပါမည်။ ယခုကဲ့သို့ ရွေးေကာက်ပွဲကော်မရှင်ဥက္ကဌအနေဖြင့် နိုင်ငံရေးပါတီ တရပ်ရပ်

အား အကြောင်းမဲ့ ဖျက်သိမ်းရန်လုပ်ပိုင်ခွင့် အာဏာမရှိပါ။

၃။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေပညာရှင်များအဖွဲ့မှ ထုတ်ဝေဖြန့်ချိသော အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ လေ့လာချက်စာတမ်းပါ မရှိမဖြစ်လိုအပ်သော အောက်ပါအခြေခံစံထားချက်များကို လေးစားလိုက်နာရပါမည်။

၁။ ရွေးကောက်ပွဲ ကျင်းပသော နိုင်ငံတွင် ဤအခြေအနေများနှင့် ပြည့်စုံရမည်။

(က) အစိုးရအာဏာပိုင် နေရာအတွက် အရွေးခံခွင့်နှင့် လျှို့ဝှက်မဲပေးမှု အခွင့်အရေး အပါအဝင် နိုင်ငံသားများ၏ နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် စွမ်းရည်များအပေါ် အကျိုးအကြောင်း ဆီလျော်မှုမရှိသော ကန့်သတ်တားမြစ်ချက်များ မထားရ။

(ခ) ရွေးကောက်ပွဲတွင် အရွေးခံရမည့် ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲ အစီအစဉ်များကို နိုင်ငံသားများအား အသိပေးခြင်း၊ နိုင်ငံရေး စည်းရုံးမှုနှင့် လှုံ့ဆော်မှုတို့ပြုလုပ်ခြင်းတို့ကို ခွင့်ပြုခြင်းအလို့ငှာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စည်းရုံးစုဝေးခြင်း လွတ်လပ်ခွင့်တို့ကို လေးစား ခွင့်ပြုထားရမည်။

၂။ နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲတွင်ရှိသော ထောက်ခံဆန္ဒမဲများအလိုက် ရာထူးဆက်ခံခွင့်နှင့် အာဏာလွှဲပြောင်းရယူခွင့် အပါအဝင် ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရမည်။

အထက်ပါ အခြေအနေများမရှိဘဲ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြစ်သည်ဟု မသတ်မှတ်နိုင်ပါ။

သို့ဖြစ်ရာ ယခုကဲ့သို့ ကြေညာချက်ထုတ်၍ ပြဋ္ဌာန်းချက်များသည် အကျိုးအကြောင်းဆီလျော်မှု မရှိသည့်ပြင် ကန့်သတ်တားမြစ်ချက်များမထားရ ဆိုသော စံထားရမည့်အခြေခံမှုကို ချိုးဖောက်ပြီး ပြဋ္ဌာန်းခြင်းဖြစ်သည့်အတွက် နိုင်ငံရေးပါတီများအနေဖြင့် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေမည့် မတရားသည့် အမိန့်အာဏာမှန်သမျှနှင့် ယခုကဲ့သို့ ညွှန်ကြားချက်၊ ကြေညာချက်များကို ဆန့်ကျင်တိုက်ဖျက်ပစ်ရန် လိုအပ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အသေးစိတ်သိရှိလိုပါလျှင်
ဦးမျိုး – ဖုန်း – ၀၈၆ ၂၁၆ ၀၁၀၈
၁၇၊ ၉၊ ၂၀၁၀